**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

ကြေညာချက်အမှတ် (၁ / ၂၀၁၉)

၁၃၈၀ ခုနှစ် နတ်တော်လပြည့်ကျော် ၁၁ ရက်

(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်)

# မြန်မာနိုင်ငံအတွင်းနိုင်ငံခြားအာမခံကုမ္ပဏီများအားလုပ်ငန်းဆောင်ရွက်ခွင့်ပြုရန်ကိစ္စ

၁။ အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေ ပုဒ်မ ၂၉ တွင် "ဝန်ကြီးဌာနသည်အာမခံလုပ်ငန်း၊ အာမခံအလုပ်လက်ခံကိုယ်စားလှယ်လုပ်ငန်း သို့မဟုတ် အာမခံအကျိုးဆောင်လုပ်ငန်းကိုနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် လုပ်ကိုင်လိုသောကုမ္ပဏီအား အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုနိုင်သည်" ဟု ပြဋ္ဌာန်းထားပါသည်။

၂။ နိုင်ငံတော်အတွင်း အာမခံလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်ဖြင့် ၂၀၁၃ ခုနှစ်တွင် ပြည်တွင်းပုဂ္ဂလိကအာမခံကုမ္ပဏီ (၁၁) ခုသို့ အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်များ ထုတ်ပေးခဲ့ပါသည်။

၃။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သောအရင်းအနှီးများရရှိစေရေးကို အထောက်အကူပြုနိုင်ရန်နှင့် ဘဏ်မဟုတ်သောငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အာမခံလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးလမ်းပြမြေပုံကို ရေးဆွဲခဲ့ပါသည်။

၄။ သို့ဖြစ်ရာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ နိုင်ငံတော်အတွင်း အာမခံလုပ်ငန်းများ လုပ်ကိုင်ရန် စိတ်ဝင်စားမှုရှိသည့် ပြည်တွင်းနှင့်နိုင်ငံခြားအာမခံကုမ္ပဏီများအား အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ပြုနိုင်ရေးအတွက် "လုပ်ငန်းဆောင်ရွက်လိုမှုဆန္ဒပြုလွှာ(Expression of Interest)" နှင့် "အဆိုပြုလျှောက်လွှာ (Request for Proposal) "တို့ကို တင်သွင်းရန် ဖိတ်ခေါ်သွားမည်ဖြစ်ပါသည်။ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနက "လုပ်ငန်းဆောင်ရွက်လိုမှုဆန္ဒပြုလွှာ" နှင့် "အဆိုပြုလျှောက်လွှာ"များနှင့်စပ်လျဉ်း၍ သိလိုသည်များကို ရှင်းလင်းဖြေကြားပေးမည် ဖြစ်ပါသည်။

၅။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အနေဖြင့် အသက်အာမခံနှင့်အထွေထွေအာမခံ နှစ်မျိုးလုံးစုပေါင်းလုပ်ကိုင်လျက်ရှိသည့် ပြည်တွင်းအာမခံကုမ္ပဏီများအား အသက်အာမခံနှင့် အထွေထွေအာမခံလုပ်ငန်းများကိုသီးခြားစီလုပ်ကိုင်ရန် ညွှန်ကြားထားပြီးဖြစ်ရာ နိုင်ငံခြားအာမခံ ကုမ္ပဏီများသည် ပြည်တွင်းအာမခံကုမ္ပဏီများနှင့် ဖက်စပ်လုပ်ကိုင်နိုင်မည်ဖြစ်ပါသည်။

၆။ နိုင်ငံခြားအာမခံကုမ္ပဏီများအား မြန်မာနိုင်ငံတွင် အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ခွင့်ပြုခြင်းကို အောက်ပါနည်းလမ်းများဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်-

(က) **အသက်အာမခံလုပ်ငန်း**

**ရွေးချယ်ခွင့်-၁။** ။နိုင်ငံခြားအသက်အာမခံကုမ္ပဏီများက ၁၀၀ ရာခိုင်နှုန်း ပိုင်ဆိုင်သည့် လက်အောက်ခံကုမ္ပဏီအဖြစ် ၃ ခုထက်မပိုသော အသက်အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ထုတ်ပေးခြင်း။

**ရွေးချယ်ခွင့်-၂။** ။မြန်မာနိုင်ငံတွင် ကိုယ်စားလှယ်ရုံးဖွင့်လှစ်ထားပြီးဖြစ်သော နိုင်ငံခြားအသက်အာမခံကုမ္ပဏီ သို့မဟုတ် အသက်အာမခံနှင့် အထွေထွေအာမခံ နှစ်မျိုးလုံးလုပ်ကိုင်လျက်ရှိသည့် နိုင်ငံခြားအာမခံကုမ္ပဏီကို ပြည်တွင်းအသက် အာမခံကုမ္ပဏီနှင့် ဖက်စပ်ဆောင်ရွက်လုပ်ကိုင်ခွင့်ပြုခြင်း။

(ခ) **အထွေထွေအာမခံလုပ်ငန်း**

မြန်မာနိုင်ငံတွင် ကိုယ်စားလှယ်ရုံးဖွင့်လှစ်ထားပြီးဖြစ်သော နိုင်ငံခြားအထွေထွေအာမခံကုမ္ပဏီ သို့မဟုတ် အသက်အာမခံနှင့် အထွေထွေအာမခံနှစ်မျိုးလုံး လုပ်ကိုင်လျက်ရှိသည့် နိုင်ငံခြားအာမခံကုမ္ပဏီကို ပြည်တွင်းအထွေထွေအာမခံကုမ္ပဏီနှင့် ဖက်စပ်လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခြင်း။

၇။ အသေးစိတ်အချက်အလက်များကို www.frd.gov.mm တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။